ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၆၉ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက် )

**နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့်**

**လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းများ စျေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များတွင် အငှားအိမ်ရာများ တည်ဆောက်သွားရန် **"နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်ဝန်၊<br>မန္တလေးမြို့တော်ဝန်/<br>အဖွဲ့ဝင်<br>တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ<br>(နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) | အဖွဲ့ဝင် |
| (၃) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၈) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း

(၉) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၀) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ခ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံ့ဝန်ထမ်းများအတွက် အငှားအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာရရှိရေးနှင့် မြေနေရာအား အတည်ပြုရွေးချယ်ခြင်း၊

(၂) ဒေသအလိုက်ဆောက်လုပ်မည့် အငှားအိမ်ရာပုံစံများ အတည်ပြုရွေးချယ်ခြင်း၊

(၃) အငှားအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချထားနိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသော ဝန်ထမ်းများအနေဖြင့် လစဉ်ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေထိုင်ခွင့်ရရှိစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၅) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စီးပွားရေးရာကော်မတီနှင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရန်ရှိသည့်ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားခြင်း၊

(၆) နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များတွင် အငှားအိမ်ရာများ စဉ်ဆက်မပြတ်အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(ဂ) **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | နေပြည်တော်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်ဝန်၊<br>မန္တလေးမြို့တော်ဝန်/<br>အဖွဲ့ဝင်<br>တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ<br>(နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ<br>မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး/ ပြည်နယ်<br>ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

(၉) ကိုယ်စားလှယ်တစ်ဦး ပုဂ္ဂလိကဘဏ် — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၁) တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ဃ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အငှားအိမ်ရာများဆောက်လုပ်ရန် သင့်လျော်ကောင်းမွန်သည့် မြေနေရာရရှိရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးများနှင့်ညှိနှိုင်း၍ စနစ်တကျရွေးချယ်ပြီး ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၂) မိမိဒေသနှင့်ကိုက်ညီသော အိမ်ရာပုံစံများရေးဆွဲပြီး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ငှားရမ်းနေထိုင်လိုသူ ဝန်ထမ်းအင်အားစာရင်းအား ပြုစု၍ ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်လျှောက်ထားလာသူ ဝန်ထမ်းများအား စိစစ်ခွင့်ပြုပေးခြင်း၊

(၅) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသူဝန်ထမ်းများ သက်သာသောနှုန်းထားဖြင့် အိမ်ခန်းငှားရမ်းနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၆) ဆောက်လုပ်မည့်ဝန်ထမ်းအငှားအိမ်ရာများတွင် infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၇) အငှားအိမ်ရာများ အချိန်မီပြီးစီးရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး ကြပ်မတ်စစ်ဆေးခြင်း။

၂။ လုပ်ငန်းကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းရန်လိုအပ်ပါက ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်သည်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၉ - ၆ - ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇ / ၂၀၁၇၊ ၁၉ - ၆ - ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၂ / ၂၀၁၇ နှင့် ၃၀ - ၄ - ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅ / ၂၀၁၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ